**Ministry Of Sports And Youth Affairs**
**အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန**
**သတင်းလွှာ**

Monthly Newsletter — Volume 3, No.2 September 2025

## မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ





နေပြည်တော်၊ စက်တင်ဘာ ၄

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ်တို့နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်နှင့် အဖွဲ့အား ရုံးအမှတ် (၃၁) ရှိ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့ရာ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က မြန်မာမြင်းစီးအားကစား ဖွံ့ဖြိုးတိုးတက်စေရေး၊ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်အောင်နိုင်ရေးအတွက် တင်ပြခဲ့မှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

---

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/ အားကစားရုံများအား လိုက်လံကြည့်ရှုစစ်ဆေး





နေပြည်တော်၊ စက်တင်ဘာ ၅

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်း အောင်မြေသာစံမြို့နယ်ရှိ ရွှေမန်းတောင် အားကစားကွင်း၊ မိုးလုံလေလုံအားကစားရုံနှင့် အောင်မြေမန္တလာ အားကစားကွင်း၊ ချမ်းအေးသာဇံမြို့နယ်၊ ဗထူးအားကစားကွင်းရှိ ဗထူးမိုးလုံလေလုံ အားကစားရုံတို့အား ကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ အရာထမ်း/ အမှုထမ်းဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့ပြီး ဝန်ထမ်းအချင်းချင်းစည်းစည်းလုံးလုံးနှင့် မိသားစုစိတ်ဓာတ်ဖြင့် နေထိုင်သွားကြရန်၊ မိမိတာဝန်ကျရာ တိုင်းဒေသကြီး အားကစားအဆင့်အတန်း ပိုမိုတိုးတက်စေအောင် ကြိုးစားဆောင်ရွက်သွားကြရန် လာမည့်နှစ်တွင် အားကစားနည်းများအားလုံးကို စုံလင်စွာကျင်းပသွားမည်ဖြစ်သည့်အပြင် ကဘာဒီ (Kabaddi)၊ တက်ဂ်ဘော (Teqball)၊ လွန်ဆွဲအားကစားနည်းများကိုပါ ပြင်ဆင်ဆောင်ရွက်သွားရန်၊ မှာကြားခဲ့သည်။

ထို့နောက် ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်းနှင့် မန္တလေးဘောလုံးအကယ်ဒမီကျောင်းတို့ရှိ ပျက်စီးခဲ့သည့် အဆောက်အဦများပြုပြင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ အမျိုးသမီးဘောလုံးအကယ်ဒမီကျောင်း အသစ်တည်ဆောက်နေမှု အခြေအနေများနှင့် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)မှ အားကစားသမားများ၏ နေ့လယ်စာ စားသောက်နေမှုများကိုသွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

## မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်ရှိ အားကစားကွင်း/အားကစားရုံများအား လိုက်လံကြည့်ရှုစစ်ဆေး





နေပြည်တော်၊ စက်တင်ဘာ ၆

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်ရှိ အားကစားကွင်း/အားကစားရုံများအား လိုက်လံကြည့်ရှု စစ်ဆေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်ခရိုင်အားကစားကွင်းသို့ရောက်ရှိပြီး စိမ်းလန်းစိုပြေသာယာလှပစေရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားခဲ့ပြီးနောက် တင်းနစ်ကွင်းနှင့် တိုက်ကွမ်ဒိုအားကစားရုံတို့တွင် အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များကို ထောက်ပံ့ဖြည့်ဆည်းဆောင်ရွက် ပေးခဲ့သည်။

ဆက်လက်ပြီး ပြင်ဦးလွင်မြို့နယ် အားကစားကွင်းတွင် ၂၀၂၅-၂၀၂၆ ခုနှစ် ကိုယ်ပိုင်ကျောင်းများ၏ ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ မူလတန်းအဆင့် အမျိုးသားဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ် နောင်ချိုအားကစားကွင်း၊ မိုးလုံလေလုံအားကစားရုံနှင့် နှစ်ထပ်ပွဲကြည့်စင်တို့အား ကြည့်ရှုစစ်ဆေး၍ မြို့နယ်အားကစားတာဝန်ခံအား ကျောပိုးမြက်ဖြတ်စက်နှင့် လက်တွန်းမြက်ဖြတ်စက်များကို ထောက်ပံ့ပေးအပ်ခဲ့ပြီးနောက် ဘောလုံးကွင်းကို မူလအခြေအနေအတိုင်း ပြန်လည်ကောင်းမွန်စေရေး တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်ရှိ အားကစားကွင်း/အားကစားရုံများနှင့် Outdoor Fitness များ တပ်ဆင်ထားရှိမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေး





နေပြည်တော်၊ စက်တင်ဘာ ၇

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မိတ္ထီလာခရိုင် အားကစားကွင်းနှင့် မိတ္ထီလာကန်ဘောင်ရှိ ကရဝိတ်ကန်ဘောင် တံတားထိပ်၊ ရပ်တော်မူဘုရားရှေ့၊ မိတ္ထီလာကန် View Point ၊ ဝန်ဇင်းကန်ဘောင်မြောက်ဘက်ထိပ်တို့တွင် အများပြည်သူ လာရောက်လေ့ကျင့်ကစားနိုင်စေရေး Outdoor Fitness များ တပ်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကလောမြို့နယ်အားကစား ကွင်း၌ အသက် (၁၇) နှစ်အောက် ကျောင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုအား ကြည့်ရှုအားပေး ခဲ့ပါသည်။

ဆက်လက်ပြီး ရွှေညောင်မြို့နယ်အားကစားကွင်း နှစ်ထပ်ပွဲကြည့်စင်နှင့် ဘောလုံးကွင်းအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ အချိန်မီပြီးစီးစေရေးအတွက် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

## မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ရှမ်းပြည်နယ် ကလောခရိုင်အတွင်းရှိ ညောင်ရွှေမြို့နယ် အားကစားကွင်းအား လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော်၊ စက်တင်ဘာ ၈





မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ရှမ်းပြည်နယ် ကလောခရိုင်၊ ညောင်ရွှေမြို့နယ် အားကစားကွင်းအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ရာတွင် ဘောလုံးကွင်း သန့်ရှင်းသာယာလှပမှုရှိစေရေး သန့်ရှင်းရေးများ ပုံမှန်ဆောင်ရွက်သွားရန်၊ ရေလုံလောက်မှုရှိစေရေး၊ ဂိုးတိုင်များ၊ ကော်နာတိုင်များနှင့် လိုအပ်သည့်နေရာများအား ထုံးသုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိရန် တာဝန်ရှိသူများကို မှာကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ပြည်နယ်အားကစားကွင်း၌ ကျင်းပလျက်ရှိသည့် ၂၀၂၅ ခုနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ခရိုင်များအလိုက် အသက် (၂၅) နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်အဖြစ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသင်းနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တက်ရောက်ကြည့်ရှုအားပေးခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ရှမ်းပြည်နယ်၊ အားကစားနှင့်ကာယပညာသိပ္ပံ (တောင်ကြီး)ရှိ ကျောင်းသား/ကျောင်းသူများအား ဘာသာရပ်များအလိုက် ပညာသင်ကြားပေးနေမှုအခြေအနေ ကြည့်ရှုစစ်ဆေး



နေပြည်တော်၊ စက်တင်ဘာ ၉

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် အားကစားနှင့်ကာယပညာသိပ္ပံ (တောင်ကြီး) ရှိ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ အားကစားနှင့်ပညာရေးပေါင်းစပ် အထက်တန်းကျောင်းမှ ဆရာ/ဆရာမများက Grade-11 နှင့် Grade-12 ကျောင်းသား/ကျောင်းသူများအား ဘာသာရပ်များအလိုက် စာသင်ကြားပေးနေမှုများကို လိုက်လံကြည့်ရှုခဲ့ပြီး ပညာသင်ကြားရာတွင် အခက်အခဲများရှိပါက ကျောင်းအုပ်ကြီးမှတဆင့် အချိန်နှင့်တပြေးညီ တင်ပြပေးရန် မှာကြားခဲ့သည်။

ဆက်လက်ပြီး အမျိုးသား/အမျိုးသမီး နှစ်ထပ်အိပ်ဆောင်ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး နောက် ဘောလုံးအားကစားကွင်း၊ ဂျူဒိုအားကစားခန်းမနှင့် တိုက်ကွမ်ဒိုအားကစားခန်းမတို့အား လိုက်လံကြည့်ရှုစစ်ဆေး၍ ပင်မနှစ်ထပ်ဆောင်ရှိ ရုံးခန်းများ၊ ဆေးပေးခန်း စက်ပစ္စည်းအခြေအနေများကို စစ်ဆေးခဲ့ကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ပါသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင် အားကစားကွင်းသို့ရောက်ရှိကာ ရေစင်တည်ဆောက် ထားရှိမှုနှင့် ရေလိုင်း/မီးလိုင်းများ သွယ်တန်းထားရှိမှုတို့အား လိုက်လံကြည့်ရှု စစ်ဆေး၍ ပုံမှန်မြက်ဖြတ်ခြင်း ဆောင်ရွက်ရန်၊ ဂိုးတိုင်၊ ကော်နာတိုင်များ စနစ်တကျတပ်ဆင်ထားရှိရန် တာဝန်ရှိသူများကို မှာကြားခဲ့ပြီးနောက် တပ်ကုန်းမြို့နယ်အားကစားကွင်း၌ မြို့နယ်ကျောင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲဖြစ်သော စံပြအလယ်တန်းကျောင်းခွဲအသင်းနှင့် MRTV အထက်တန်းကျောင်းအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



# မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် 33rd SEA Games သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပီတန်း၊ အလေးမနှင့် ပိုက်ကျော်ခြင်း အားကစားအဖွဲ့များ၏ လေ့ကျင့်နေမှုများနှင့် ရွှေကြာပင်အားကစားကွင်းအတွင်း Synthetic ပြေးလမ်းခင်းကျင်း ဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေး





နေပြည်တော်၊ စက်တင်ဘာ ၁၁

ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် 33rd SEA Games သို့ ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် ပီတန်းအားကစား လေ့ကျင့်ရေးကွင်းတွင် အားကစားသမားများ၏ လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့၍ အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများအားတွေ့ဆုံပြီး တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အလေးမလေ့ကျင့်ရေးအားကစားရုံ၊ ပိုက်ကျော်ခြင်းလေ့ကျင့်ရေးရုံများ အားကစားသမားများ၏ လေ့ကျင့်နေမှုများအား လိုက်လံကြည့်ရှုအားပေးခဲ့ကာ အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများ၏ အခက်အခဲများနှင့် တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက် ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုနယ်မြေ ရွှေကြာပင်အားကစားကွင်းအတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု ငွေလုံးငွေရင်း ရံပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့် ဘောလုံးကွင်းပတ်လမ်းအား Synthetic ပြေးလမ်းခင်းကျင်းရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ပြေးလမ်းအား သတ်မှတ်စံချိန်စံညွှန်း အရည်အသွေး ပြည့်မီစေရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေးအတွက် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများကို မှာကြားခဲ့ပါသည်။







---

အောင်မြင်မှုအခြေခံ "စ" ခုနှစ်လုံးဆောင်ရန်

စိတ်ဓာတ်၊ စည်းကမ်း၊

စွမ်းအား၊ စည်းလုံးမှု

စံချိန်၊ စံညွှန်း၊ စံနှုန်း

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် AFC WOMEN'S CHAMPIONS LEAGUE 2025/2026 (Preliminary) ခြေစစ်ပွဲအောင်မြင်ခဲ့သည့် ISPE WFC (MYANMAR) အသင်းအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားနှင့် ၂၀၂၅ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်




ရန်ကုန် ၊ စက်တင်ဘာလ (၁၃)ရက်

AFC WOMEN'S CHAMPION SLEAGUE 2025/2026 (Preliminary) ခြေစစ်ပွဲအောင်မြင်ခဲ့သည့် ISPE WFC (MYANMAR) အသင်းအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် (၁၀:၀၀) နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျိုက္ကဆံ အားကစားကွင်းရှိ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ပြည်ထောင်စုခန်းမ၌ ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာ ကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ တွဲဖက်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန် နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အလှူရှင်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက် ခဲ့ကြပါသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုအမှာစကား ပြောကြား ခဲ့ပြီး ယနေ့ ဂုဏ်ပြုတဲ့ ISPE FC ဘောလုံးအသင်းဟာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုဖြစ်သလို မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက် နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် AFC WOMEN'S CHAMPIONS LEAGUE 2025/2026 (Preliminary Stage) ပြိုင်ပွဲတွင် ပြိုင်ဘက်အသင်းများကို ရှုံးပွဲမရှိ အနိုင်ရယူနိုင် ခဲ့ကာ အုပ်စုပထမဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့လို့ ယခုလို အခမ်းအနားနှင့် ဂုဏ်ပြုချီးမြှင့်ရခြင်း ဖြစ်ပါကြောင်း၊ ယခုအောင်မြင်မှုများရရှိခဲ့သလို လာမည့် ဒီဇင်ဘာ လတွင် ကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲတွင်လည်း ရွှေတံဆိပ်ဆု ဆွတ်ခူးရယူနိုင်မယ်လို့ ယုံကြည် မိပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်မှ ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း(၁၀၀)ကို ခြေစစ်ပွဲအောင်မြင်ခဲ့သည့် ISPE WFC (MYANMAR) အသင်းအတွက် ပေးအပ်ချီးမြှင့်ရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာအား ပြန်လည်ပေးအပ်ခဲ့ပါသည်။ ယင်းနောက် မြန်မာနိုင်ငံအားကစား အဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များမှ လှူဒါန်းသောဂုဏ်ပြုချီးမြှင့်ငွေများကို ပြည်ထောင်စု ဝန်ကြီး၊ ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရ အဖွဲ့ဝင် ဝန်ကြီးများနှင့် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့မှ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ အား အသီးသီးပြန်လည် ပေးအပ်ခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စေတနာရှင်ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများမှ ပေးအပ်လှူဒါန်းခဲ့သည့် ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်း ငွေကျပ်(၁၇၁၅)သိန်းတိတိကို ခြေစစ်ပွဲအောင်မြင်ခဲ့သည့် အသင်းသို့ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျိုက္ကဆံ ဘတ်စကက်ဘော အားကစားရုံအား လာမည့် ၂၀၂၆-၂၀၂၇ ဘတ်ဂျက် တွင် ပြုပြင်နိုင်ရန် ကြမ်းခင်း၊ အမိုး၊ အကာများအား ကြည့်ရှုစစ်ဆေး ပြီး လိုအပ်သည်များအား လမ်းညွှန်မှာကြားခဲ့ကာ ကျိုက္ကဆံကွင်း အတွင်းရှိ ပိုက်ကျော်ခြင်း အားကစားရုံသို့ရောက်ရှိ၍ ပြည်ထောင်စု ဘတ်ဂျက်ဖြင့် တည်ဆောက်နေသောကြမ်းခင်းများ ပြုပြင်နေမှုနှင့် ဘော်လီဘောအားကစားရုံရှိအမိုးများ ပြုပြင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်း အရည်အသွေး ပြည့်မီစေရေး၊ သတ်မှတ် ကာလအတွင်း အချိန်မီပြီးစီးစေရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစေရေး တို့ကို လမ်းညွှန်မှာကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးသည် ညနေပိုင်းတွင် မင်္ဂလာတောင်ညွန့် မြို့နယ်၊ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပပြုလုပ်သည့် ၂၀၂၅ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကာ အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြိုင်ပွဲဝင် အားကစား သမားများက အားကစားသစ္စာအဓိဋ္ဌာန် (၄)ချက် ရွတ်ဆိုပြီးနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရ အဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယ ဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံ တင်းနစ် အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်တို့က ပြိုင်ပွဲဝင်အားကစား သမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပါသည်။



## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီအဖွဲ့ဝင်များနှင့် ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အစည်းအဝေးကျင်းပ





ရန်ကုန်၊ စက်တင်ဘာလ ၁၄ ရက်

မြန်မာနိုင်ငံအိုလံပစ်ကော်မတီအဖွဲ့ဝင်များနှင့် ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အစည်းအဝေးကို ယနေ့နံနက် (၁၀:၀၀)နာရီအချိန်တွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)သုဝဏ္ဏရှိ ပတ္တမြားခန်းမ၌ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီတွဲဖက် အတွင်းရေးမှူးများနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွဲဖက်အတွင်းရေးမှူးများ တက်ရောက်ကြပါသည်။

ယနေ့အစည်းအဝေးတွင် အားကစားအဖွဲ့ချုပ်(၄၀)ခုတို့မှ တာဝန် ရှိသူများတက်ရောက် ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက အဖွဲ့ချုပ်များအနေဖြင့် အင်အားစာရင်းများ၊ အားကစားနည်းအလိုက် လေ့ကျင့်ရမည့်ကွင်း အနေအထား၊ ပြိုင်ပွဲယှဉ်ပြိုင်ရမည့်ကွင်း အနေအထားတို့ကို ကြိုတင်လေ့လာထားကြရန်၊ 33rd SEA Game သာမက နောင်ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများ အထိ အောင်ပွဲများရရှိအောင် မျှော်မှန်းကြိုးစားကြရန်၊ နိုဝင်ဘာလတွင် ကျင်းပပြုလုပ်မည့် အောင်နိုင်ရေးအလံပေးအပ်ပွဲ အခမ်းအနားအတွက် ကြိုတင်ပြင်ဆင်ထားရှိရန်၊ နိုင်ငံခြားနည်းပြငှားရမ်းမှုနှင့် Joint Training သွားရောက်ရေး အချိန်မီ တင်ပြဆောင်ရွက်ကြရန် ပြောကြားခဲ့ပြီး မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များအား ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက် ပေးခဲ့ကြောင်းသိရှိရပါသည်။

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မြန်မာနိုင်ငံဂျူဒိုအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ





နေပြည်တော်၊ စက်တင်ဘာ ၁၈

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသည့် ဦးမျိုးကျော်သူ၊ ဦးဉာဏ်ဇော်ဦးတို့နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့်အဖွဲ့အား ရုံးအမှတ်(၃၁)ရှိ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ဂျူဒိုအားကစားနည်းဖြင့် နိုင်ငံတော်အတွက် အောင်မြင်မှုဆုတံဆိပ်များ ရယူပေးလျက်ရှိသည့် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများအား မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် လာမည့် 33rd SEA Game အတွက် အားကစားသမားများနှင့် အုပ်ချုပ်/နည်းပြများ၏ ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုအခြေအနေများနှင့် လိုအပ်ချက်များကို အသေးစိတ် ဆွေးနွေး တင်ပြပေးရန်လိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး မြန်မာနိုင်ငံ ဂျူဒိုအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများကအဖွဲ့ချုပ်မှ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် ဂျူဒိုအားကစား လေ့ကျင့်ရေးရုံ၊ အထောက်အကူပြု လေ့ကျင့်ရေးပစ္စည်းများ လိုအပ်ချက်များနှင့် ပတ်သက်ပြီးအသီးသီးဆွေးနွေး တင်ပြခဲ့မှု အပေါ် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ဂျူဒိုနှင့် လက်ဝှေ့အားကစားအဖွဲ့များ၏ လေ့ကျင့်နေမှုများအား ကြည့်ရှုအားပေးခြင်းနှင့် လက်ဝှေ့၊ ဖူဆယ်နှင့် တင်းနစ်လေ့ကျင့်ရေး ကွင်း/ရုံများအား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေး





နေပြည်တော်၊ စက်တင်ဘာ ၂၂

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နေပြည်တော်၌ စခန်းဝင်လေ့ကျင့်လျက်ရှိသည့် ဂျူဒိုနှင့်လက်ဝှေ့ အားကစားအဖွဲ့များ၏ လေ့ကျင့်နေမှုများအား ကြည့်ရှုအားပေးခြင်းနှင့် မန္တလေးလျောင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လက်ဝှေ့၊ ဖူဆယ်နှင့် တင်းနစ်လေ့ကျင့်ရေး ကွင်း/ရုံများအား ပြန်လည်ပြုပြင် ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လက်ဝှေ့လေ့ကျင့်ရေးရုံ၌ 33rd SEA Games အတွက် အားကစားသမားများ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးခဲ့ပြီးနောက် မန္တလေးလျောင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လက်ဝှေ့၊ ဖူဆယ်နှင့် တင်းနစ်လေ့ကျင့်ရေးကွင်း/ရုံများ ပြန်လည်ပြုပြင် ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားကွင်း/အားကစားရုံများအား သတ်မှတ်စံချိန်စံညွှန်း ပြည့်မီစေရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီ





ပြီးစီးစေရေးနှင့် ရေရှည်တည်တံ့စေရေးတို့အတွက် စိစစ်ကြပ်မတ်ပြီး စနစ်တကျ ပြန်လည်ပြုပြင် ဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ပါသည်။

ထို့နောက် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းရှိ ဂျူဒိုလေ့ကျင့်ရေးခန်းမ၌ ဂျူဒိုအားကစားသမားများ၏ လေ့ကျင့်နေမှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီးနောက် အားနည်းချက်/အားသာချက်များကို ပြန်လည်လေ့လာသုံးသပ်ပြီး နည်းပြဆရာများ၏ သင်ကြားလေ့ကျင့်ပေးမှုအတိုင်း စနစ်တကျ လေ့ကျင့်သွားရန်၊ အုပ်ချုပ်သူ/နည်းပြများ အနေဖြင့်လည်း အကြီးတန်းနှင့် အငယ်တန်းပြိုင်ပွဲများကို လစဉ်ကျင်းပပေးပြီး အားကစားသမားများ၏ အားနည်းချက်/အားသာချက်များကို ပြန်လည်ပြုပြင် သင်ကြားလေ့ကျင့်ပေးသွားရန် မှာကြားခဲ့သည်။

---

**အားကစားမြှင့်တင်**

**စိတ်လန်းရွှင်**

**ဆန့်ကျင်မူးယစ်ဆေး**

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ဝဏ္ဏသိဒ္ဓိရေကူးကန်နှင့် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း ပျက်စီးနေမှုတို့အား ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ပြန်လည်ပြင်ဆင် ဆောင်ရွက်နေမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေး





နေပြည်တော်၊ စက်တင်ဘာ ၂၄

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မတ်လ ၂၈ ရက်နေ့၌ လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ရေကူးကန်အတွင်းရှိ အပြင်ဘက် လေ့ကျင့်ရေး ရေကူးကန်၊ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းပတ်လည်နှင့် အထူးတန်း ပွဲကြည့်စင် ပျက်စီးနေမှုတို့အား ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ပြန်လည်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများအား လိုက်လံကြည့်ရှု စစ်ဆေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် 33rd SEA Games သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများ ကိုယ်ခန္ဓာ အညောင်းအညာပြေအောင် ရေကူးလေ့ကျင့်ခန်းများ ပြုလုပ်နိုင်စေရန် ဝဏ္ဏသိဒ္ဓိရေကူးကန်အား ပြန်လည်ပြုပြင် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ရေသန့်စင်ခြင်း လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများအား လိုက်လံကြည့်ရှု စစ်ဆေးခဲ့ပြီးနောက် ကုမ္ပဏီမှ တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်း တည်ဆောက်ရေးလုပ်ငန်းခွဲ စုစုပေါင်း ၂၂ ခု၏ ၃၅ ရာခိုင်နှုန်းအထိ ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား လိုက်လံကြည့်ရှု စစ်ဆေးခဲ့ပြီး သတ်မှတ် စံချိန်/စံညွှန်း များနှင့်အညီ အရည်အသွေးပြည့်မီ၍ သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးစေရေးတို့အတွက် ကျွမ်းကျင်သူများကိုယ်တိုင် စိစစ်ကြပ်မတ်၍ စစ်ဆေးဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/အားကစားရုံများအား လိုက်လံကြည့်ရှုစစ်ဆေး





နေပြည်တော်၊ စက်တင်ဘာ ၂၉

ပြည်ထောင်စု ဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများလိုက်ပါလျက် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်ရှိ နှစ် ၇၀၀ ပြည့် အားကစားကွင်းနှင့် ပိုးတန်းအားကစားကွင်းရှိ အားကစားကွင်း/အားကစားရုံတို့အားလိုက်လံ ကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်ရှိ နှစ် ၇၀၀ ပြည့် အားကစားကွင်းသို့ ရောက်ရှိ၍ အားကစားကွင်း/အားကစားရုံများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်ကိုင်း မြို့နယ် ပိုးတန်းအားကစားကွင်းသို့ သွားရောက်၍ ဘောလုံးကွင်းနှင့် မိုးလုံလေလုံအားကစားရုံတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် စစ်ကိုင်းမြို့နယ် အသင်္ချာရိပ်သာ၌ စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ အရာထမ်း/အမှုထမ်း ဝန်ထမ်းများအား တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန်(၆)ချက်၊ နိုင်ငံ့ဝန်ထမ်းများ ထမ်းဆောင်ရမည့် တာဝန်(၃)ရပ်နှင့် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်အပါး (၃၀)တို့ကို လေးစားလိုက်နာကြရန်၊ တစ်ဦးကောင်း၊ တစ်ယောက်ကောင်းစိတ်မမွေးဘဲ မိမိဝန်ကြီးဌာန၏ ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြရန်မှာကြားခဲ့ ပြီးနောက် ဝန်ထမ်းများ၏ ကိုယ်ရေးကိုယ်တာနှင့် ရုံးလုပ်ငန်းပိုင်းဆိုင်ရာ အခက်အခဲများနှင့် တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

## မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း ၂၀၂၅ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ခြင်းလုံးခတ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အားကစားကွင်း/အားကစားရုံများအား ကြည့်ရှုစစ်ဆေး





ရန်ကုန်၊ စက်တင်ဘာလ(၁)ရက်

မြန်မာ့ခြင်းလုံးအားကစား အဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ပြီး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ခြင်းလုံးခတ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် (၀၉:၀၀)နာရီအချိန်တွင် ပဲခူးမြို့ အားကစားဥယျာဉ် မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် နာယကနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ခဲ့ကြပါသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက ပြိုင်ပွဲအား အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးခဲ့ပါသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက်ရွတ် ဆိုခဲ့ပြီးနောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်နာယကနှင့် တာဝန်ရှိပုဂ္ဂိုလ်တို့က ပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ခဲ့ပြီး ယှဉ်ပြိုင်သည့် ပွဲစဉ်များအား ကြည့်ရှုအားပေးခဲ့ပါသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ သနပ်ပင်မြို့နယ် အားကစားရုံနှင့် အားကစားကွင်းတို့အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး အားကစားရုံအတွင်း ဘတ်စကက်ဘော အားကစားကွင်းအား အသုံးပြုနိုင်ရန်ပြင်ဆင်နိုင်ရေး ကိစ္စရပ်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရှိရသည်။

---

## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးထိန်လင်း အားကစားကွင်း/အားကစားရုံများအား ကြည့်ရှုစစ်ဆေး



ရန်ကုန်၊ စက်တင်ဘာလ(၂)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့သို့ရောက်ရှိရာ အားကစားကွင်း/အားကစားရုံများအား ကြည့်ရှုစစ်ဆေးပြီး အားကစားကွင်းရုံ အသစ်တည်ဆောက်ရန်အတွက် လျာထားမြေနေရာများအား လိုက်လံကြည့်ရှု စစ်ဆေးခဲ့ပါ သည်။

ထို့နောက် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနရုံးတွင် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ရုံးစည်းကမ်းလိုက်နာစေရေး၊ ကွင်း/ရုံများသန့်ရှင်း သပ်ရပ်မှုရှိစေရေး၊ အားကစားပြိုင်ပွဲများအား စဉ်ဆက်မပြတ် ကျင်းပနိုင်ရေး၊ အားကစားသင်တန်းများ ဖွင့်လှစ်နိုင်ရေးကိစ္စရပ်များကို လမ်းညွှန်မှာကြားခဲ့ကြောင်းသိရှိရသည်။

စာဖတ်သောလူမျိုးသည် တိုးတက်၍ တိုးတက်သော လူမျိုးသည် စာဖတ်ကြသည်။

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးထိန်လင်း ပဲခူးတိုင်းဒေသကြီးရှိ အားကစားကွင်း/အားကစားရုံများအား ကြည့်ရှုစစ်ဆေး





ရန်ကုန်၊ စက်တင်ဘာလ(၃)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ မြို့နယ်အားကစားကွင်း၊ ကာယဗလလေ့ကျင့်ရေးရုံ၊ ပြည်ခရိုင် အားကစားကွင်း ပွဲကြည့်စင် ပျက်စီးနေမှုနှင့် ကွင်းပြင်ဆင်ထားရှိမှု အခြေအနေတို့အား ကြည့်ရှု စစ်ဆေးပြီးပြည်ခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာန ရုံးတွင် ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ပါသည်။

ဆက်လက်၍ ရွှေတောင်မြို့ အားကစားကွင်း/အားကစားရုံများ၊ နတ်တလင်း အားကစားကွင်း၊ ဇီးကုန်းမြို့ရှိ အားကစားကွင်း၊ ကြို့ပင်ကောက်မြို့ရှိ အားကစားကွင်း၊ သာယာဝတီမြို့ရှိ အားကစားရုံနှင့် ခရိုင်အားကစားကွင်းများသို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရှိရသည်။

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့အား လက်ခံတွေ့ဆုံ



နေပြည်တော်၊ စက်တင်ဘာ ၁၆

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်း အတွင်းဝန် ဦးကျော်ဆန်းနှင့် ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ(၁) ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ ရုံးအမှတ်(၃၁)၌ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ တင်အောင်လွင်နှင့် အဖွဲ့ဝင် ဦးဝဏ္ဏတို့အား လက်ခံတွေ့ဆုံခဲ့သည်။

ဦးစွာ ဒုတိယဝန်ကြီးက ကိုယ်ခံပညာပြိုင်ပွဲများကျင်းပနေသော USA အခြေစိုက် BKFC အဖွဲ့၏ အာရှတိုက် အမှုဆောင်အရာရှိချုပ်သည် မြန်မာနိုင်ငံသို့လာရောက်၍ အမေရိကန်အပါအဝင် ကမ္ဘာ့နိုင်ငံများတွင် မြန်မာ့ရိုးရာ လက်ဝှေ့ကို သတ်ကိုးသတ်ဖြင့် BKFC LETHWEI ပြိုင်ပွဲများကျင်းပရန် လာရောက်ဆွေးနွေးခဲ့မှုနှင့် မြန်မာနိုင်ငံရိုးရာလက်ဝှေ့ အဖွဲ့ချုပ်မှ လက်ဝှေ့အားကစားနည်းပြန့်ပွားရန် စီမံဆောင်ရွက်နေသည်ကို အသိအမှတ်ပြုပါကြောင်း၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ကမ္ဘာ့နိုင်ငံအသီးသီးမှ ကစားသမားများနှင့် အေးဂျင့်များသည် မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်တွင် မှတ်ပုံတင်ရန်နှင့် မြန်မာ့ရိုးရာလက်ဝှေ့သည် မြန်မာတစ်မျိုးသားလုံးက ပိုင်ဆိုင်သည့် အမည်ဖြစ်ပြီး မြန်မာ့ရိုးရာ အားကစားနည်းဖြစ်သည်ကို အသိအမှတ်ပြုရန် လိုကြောင်း၊ Road to BKFC LETHWEI လက်ရည်စစ်ပြိုင်ပွဲများကို လစဉ်ကျင်းပပေးပြီး ခါးပတ်လုပြိုင်ပွဲများကို ၂ လ တစ်ကြိမ် ကျင်းပနိုင်ရန် ပြောကြားခဲ့သည်။

ဆက်လက်ပြီး မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့က BKFC LETHWEI ပြိုင်ပွဲများအနက် Road to BKFC LETHWEI လက်ရည် စစ်ပြိုင်ပွဲများ ကျင်းပပေးခြင်းဖြင့် မြန်မာ့ရိုးရာလက်ဝှေ့ကို ကမ္ဘာတစ်ဝှမ်း ပြန့်ပွားအောင်



ဆောင်ရွက်နိုင်ခြင်း၊ မြန်မာ့ရိုးရာ လက်ဝှေ့အားကစားသမားများအတွက် နိုင်ငံတကာအဆင့် ထိုးသတ်ကြေးများဖြင့် နိုင်ငံတကာပြိုင်ပွဲများသို့ ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရရှိခြင်း၊ BKFC LETHWEI ပြိုင်ပွဲများကို UFC တိုက်ခိုက်ရေးသမားများ ဈေးကွက်မြှင့်တင်ပေးနေခြင်း၊ ရိုးရာလက်ဝှေ့သည် စည်းမျဉ်းဥပဒေခိုင်မာသည့် ရိုးရာအားကစားနည်းဖြစ်သည်ကို ကမ္ဘာကသိရှိနိုင်ခြင်းစသည့် နိုင်ငံတော်အတွက် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

# ၂၀၂၅ ခုနှစ်၊ (၄၈)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ





ရန်ကုန် ၊ စက်တင်ဘာလ (၂၀) ရက်

၂၀၂၅ ခုနှစ်၊ (၄၈) ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ကာယဗလနှင့်ကာယကြံ့ခိုင်မှုပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ ညနေ(၁၇:၀၀)နာရီ အချိန်တွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်းရှိ MICC ခန်းမ၌ ကျင်းပပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ဇနီး ဒေါ်မော်မော်သန်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ဇနီးများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဆုရအားကစားသမားများ တက်ရောက်ခဲ့ကြပါသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက အတန်းအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းက စုပေါင်းတံခွန်စိုက်ဆုဖလား ရရှိသွားသော ရန်ကုန်တိုင်းဒေသကြီး အသင်းအား စုပေါင်းတံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြောင်း သိရှိရသည်။

# မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုက်စညီနိုဂိုရပ်ဖ်မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့လူငယ်ပွဲတော်ညီလာခံသို့ တက်ရောက်





ရန်ကုန်၊ စက်တင်ဘာလ ၂၃ ရက်

မြန်မာနိုင်ငံလူငယ်ရေးရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက် ဦးဆောင်သည့် မြန်မာလူငယ်ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့မှ ၂၁ ရက်နေ့ အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုက်စညီနိုဂိုရပ်ဖ်မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့လူငယ်ပွဲတော်ညီလာခံသို့ တက်ရောက်ရန် စက်တင်ဘာလ ၁၅ ရက်နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာခဲ့သည်။

ဒုတိယဝန်ကြီးသည် ရုရှားနိုင်ငံမှ တာဝန်ရှိသူများနှင့်အတူ Nizhny Novgorod Fair တွင် ကျင်းပပြုလုပ်သည့် လူငယ်များ၏ စကားဝိုင်းအခမ်းအနားအစီအစဉ်သို့ တက်ရောက်ခဲ့ပြီး စကားဝိုင်းအခမ်းအနား၌ မြန်မာနိုင်ငံအနေဖြင့် အနာဂတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် လူကောင်းလူတော်များ မွေးထုတ်ပေးနိုင်ရန်အတွက် ကဏ္ဍစုံမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုများကို တက်ရောက်ပါဝင် ဆွေးနွေးခဲ့သည်။

အဆိုပါ ကမ္ဘာ့လူငယ်ပွဲတော်ညီလာခံအခမ်းအနားသို့ ကမ္ဘာ့နိုင်ငံပေါင်း (၁၂၀) မှ လူငယ်ကိုယ်စားလှယ် ၂၀၀၀ ဦးကျော် ပါဝင်တက်ရောက်ခဲ့ကြသည်။

ဒုတိယဝန်ကြီးသည် စက်တင်ဘာလ ၁၉ ရက်နေ့ ၁၅:၃၀ နာရီ အချိန်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ Egor LITVINENKO, Deputy Head of the Federal Agency for youth Affairs နှင့် တွေ့ဆုံ၍ လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ တွေ့ဆုံဆွေးနွေးဖော်ထုတ်ပွဲအခမ်းအနားကျင်းပ



နေပြည်တော်၊ စက်တင်ဘာ ၃

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/အမှုထမ်းများ တွေ့ဆုံဆွေးနွေးဖော်ထုတ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်၊ အားကစား လေ့ကျင့်ရေးစခန်း ( Gold Camp) ရှိ Gold Medal Hall ၌ ကျင်းပခဲ့ရာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇင်မိုး၊ ဌာနခွဲများအလိုက် ညွှန်ကြားရေးမှူးများနှင့် အရာထမ်း/အမှုထမ်းများ တက်ရောက်ခဲ့သည်။

ဦးစွာ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ဝန်ထမ်းများ၏ ကိုယ်ရေးကိုယ်တာ အခက်အခဲများနှင့် ရုံးလုပ်ငန်းဆိုင်ရာ အခက်အခဲများအား ကူညီဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်အတွက် ယခုလို ဆွေးနွေးဖော်ထုတ်ပွဲ အခမ်းအနားအား လစဉ်ကျင်းပပေးခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် လိုင်စင်မဲ့ ယာဉ်များအား လက်ဝယ်ထားရှိခြင်းနှင့် ပါဝင်ပတ်သက်ခြင်းများအား ရှောင်ကြဉ်ကြရန်လိုကြောင်း၊ မိမိလုပ်ငန်းအပေါ် စေတနာထားပြီးလုပ်ကိုင်ရန်နှင့် ဝန်ထမ်းအချင်းချင်း မိသားစုစိတ်ဓာတ်ထားရှိ၍ ပေါင်းစပ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဆေးဘက်ဌာနခွဲမှ ဆရာဝန်များကလည်း ကျန်းမာရေးနှင့်ပတ်သက်ပြီး ဆေးကုသစောင့်ရှောက် ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ဝန်ထမ်းများအနေဖြင့်လည်း အချိန်မရွေး သွားရောက်ကုသပြသနိုင်ကြောင်း၊ လုပ်ငန်းတာဝန်များ ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်အတွက် ကျန်းမာရေးအထူးဂရုစိုက်ကြရန်လိုကြောင်း၊ ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် အဆီ၊ အဆိမ့်နှင့် အငန်များကို လျှော့ချပြီး အရက်၊ ဆေးလိပ်နှင့် ကွမ်းယာများကို အတတ်နိုင်ဆုံး လျှော့ချရှောင်ရှားသွားကြရန်တိုက်တွန်းမှာကြားခဲ့သည်။

ဆက်လက်ပြီး အားကစားနှင့်ပညာရေးပေါင်းစပ်ဌာနခွဲမှ ဝန်ထမ်းက အိမ်ရာကိစ္စရပ်နှင့်ပတ်သက်ပြီး ၎င်း၏အခက်အခဲ အားတင်ပြခဲ့ရာ ညွှန်ကြားရေးမှူး(စီမံ)က ယခင်လအခမ်းအနား၏ တင်ပြချက်များကို စည်းမျဉ်း/ စည်းကမ်းများ၊ ဘုတ်အဖွဲ့များဖြင့် ဆုံးဖြတ်ဆောင်ရွက်ပေးခဲ့ပြီး ယခုအခမ်းအနားတွင် တင်ပြချက်အားအကြီးအကဲများထံ ဆက်လက်တင်ပြ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီးနောက် ဒုတိယ ညွှန်ကြားရေးမှူးချုပ်က အားကစားအောင်မြင်ခြင်းသည် မိမိတို့ဝန်ကြီးဌာန၏ လုပ်ငန်းများအောင်မြင်ခြင်းဖြစ်ကြောင်း၊ အုပ်ချုပ်/ထောက်ပံ့မှု ကောင်းမွန်ပြည့်စုံမှသာ အားကစားအောင်မြင်နိုင်မည်ဖြစ်၍ ဝန်ထမ်းများအနေဖြင့် ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းပေါင်းစပ်ဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်ပြောကြားရာတွင် မိမိအနေဖြင့် ရုံးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ၊ ရာထူးတိုးမြှင့်ရေးကိစ္စရပ်များ၊ အိမ်ရာကော်မတီကိစ္စရပ်များနှင့် ပတ်သက်ပြီး ဆုံးဖြတ်ဆောင်ရွက်ရာတွင် ဘုတ်အဖွဲ့များဖွဲ့စည်းပြီး ဆုံးဖြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် ထူးခြားဖြစ်စဉ်များ တွေ့ရှိပါက တာဝန်ရှိသူများထံ အချိန်နှင့်တစ်ပြေးညီ သတင်းပို့တင်ပြ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဝန်ထမ်းများ၏ အခက်အခဲများ အဆင်ပြေချောမွေ့စေရေးအတွက် အကြီးအကဲများထံ ဆက်လက်တင်ပြ၍ ဖြေရှင်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်းသိရသည်။







မျိုးချစ်စိတ်ဓာတ် ထက်သန်ရေး
အားကစားကို အစဉ်အားပေး

အားကစားလိုက်စား လူငယ်များ
တိုင်းကားပြည်ရွာ ဂုဏ်ထည်ဝါ

## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ တွေ့ဆုံဆွေးနွေးဖော်ထုတ်ပွဲ ကျင်းပ





နေပြည်တော်၊ စက်တင်ဘာ ၄

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/အမှုထမ်းများ တွေ့ဆုံဆွေးနွေးဖော်ထုတ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်၊ အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) Cluster-4 ရှိ စားရိပ်သာ၌ ကျင်းပခဲ့ရာ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းသော်အေး၊ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း/အမှုထမ်းများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ဝန်ထမ်းများက အသီးသီးတင်ပြခဲ့ကြပြီးနောက် ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆွေးနွေးပြောကြားခဲ့ပြီး ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာနမှ ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားတွင် ကျရာအခန်းကဏ္ဍမှနေပြီး ကျေပွန်အောင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ နောင် ထပ်မံကျင်းပမည့် အခမ်းအနားများတွင်လည်း အမှားနည်းပြီး အောင်မြင်စွာ ပြီးမြောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် တက်ညီလက်ညီ စည်းစည်းလုံးလုံးဖြင့် ဝိုင်းဝန်းပေါင်းစပ် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့ပြီး အခမ်းအနားအား ရုပ်သိမ်းခဲ့ကြောင်းသိရသည်။

## အမျိုးသမီးငယ်ရွယ်လုပ်ငန်းကော်မတီ၊ အမျိုးသမီးငယ်ရွယ်များနှင့် လူငယ်များအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ





နေပြည်တော်၊ စက်တင်ဘာ ၁၈

အမျိုးသမီးငယ်ရွယ်များလုပ်ငန်းကော်မတီ၊ အမျိုးသမီးငယ်ရွယ်များနှင့် လူငယ်များအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်၊ အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ Gold Medal Hall ၌ ကျင်းပခဲ့ရာ အမျိုးသမီးငယ်ရွယ် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမိုးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ညွှန်ကြားရေးမှူးချုပ်က အသိပညာပေးဟောပြောမည့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းဝင်းနှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်ယုဝေလင်းတို့ကို အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီးနောက် အမျိုးသမီးငယ်ရွယ်များနှင့် လူငယ်များအတွက် စွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာ ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခြင်း၊ အုပ်စုဖွဲ့ဆွေးနွေးခြင်းများ၊ မေးခွန်းမေးမြန်းခြင်းများနှင့် ဆုလက်ဆောင်ချီးမြှင့်ခြင်း အစီအစဉ်များကိုပြုလုပ်ခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်းသိရသည်။

**အားကစားအမျိုးအစား (၄) မျိုး**

၁။ Competitive Sport – ယှဉ်ပြိုင်အားကစား
၂။ Leisure Sport – အပန်းဖြေအားကစား
၃။ Traditional Sport – ရိုးရာအားကစား (ခြင်းလုံး၊ သိုင်း၊ လက်ဝှေ့၊ နပန်း၊ ကျွင်း၊ ထုပ်ဆီးတိုး)
၄။ Mass Sport – လူထုအားကစား

## ကချင်ပြည်နယ်အစိုးရအဖွဲ့က နိုင်ငံတကာနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဂုဏ်ပြု

ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပသည့် (၁၉) ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် တတိယဆုနှင့် (၅၇) ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် အဆင့်(၅)ရရှိခဲ့သော မောင်မောင်စိုင်းနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် ဖူဆယ်ပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သော ကချင်ပြည်နယ် ဖူဆယ်အသင်းတို့အား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို (၁-၉-၂၀၂၅) ရက်နေ့က ပြည်နယ်အစိုးရအဖွဲ့ရုံး မေခ အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ရာ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးခက်ထိန်နန် နှင့် တာဝန်ရှိသူများ၊ ကာယဗလ အားကစားအဖွဲ့များနှင့် ဖူဆယ်အသင်းမှ အုပ်ချုပ်သူ/နည်းပြနှင့် အားကစားသမားများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။



## နေပြည်တော်ကောင်စီ ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ (အေရိုးဗစ်)ပြိုင်ပွဲ ကျင်းပ

၂၀၂၅ ခုနှစ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဖလား မြို့နယ်ပေါင်းစုံ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း(အေရိုးဗစ်) ပြိုင်ပွဲကို ပြည်ထောင်စုနယ်မြေ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ရွှေကြာပင်အားကစားရုံ၌ (၅-၉-၂၀၂၅)ရက်နေ့တွင် ကျင်းပခဲ့ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက တံခွန်စိုက် ဆုဖလား ရရှိသော ဒက္ခိဏသီရိမြို့နယ်အသင်းအား စုပေါင်းတံခွန်စိုက် ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။



## ရှမ်းပြည်နယ် ဘော်လီဘောဆပ်ကော်မတီ ဥက္ကဋ္ဌဖလား ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ ကျင်းပ

ရှမ်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ပြည်နယ်ဘော်လီဘောဆပ်ကော်မတီတို့ ပူးပေါင်းကျင်းပသော ၂၀၂၅ ခုနှစ် ၊ ပထမအကြိမ် ရှမ်းပြည်နယ် ဘော်လီဘော ဆပ်ကော်မတီ ဥက္ကဋ္ဌ ဖလား အမျိုးသားရှုံးထွက် ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်းအခမ်းအနားကို (၇-၉-၂၀၂၅) ရက်နေ့က တောင်ကြီးမြို့၊ ပြည်နယ်လေ့ကျင့်ရေး အားကစားရုံ၌ ကျင်းပခဲ့ပါသည်။ အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကာ ဆုများချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။



## ၂၀၂၅ ခုနှစ်၊ အခြေခံဘောလုံးနှင့်ဖူဆယ်ဒိုင်လူကြီးသင်တန်းဖွင့်ပွဲ ရန်ကုန်မြို့တွင် ကျင်းပ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် တိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၂၅ ခုနှစ် အခြေခံဘောလုံးနှင့် ဖူဆယ်ဒိုင်လူကြီးသင်တန်းဖွင့်ပွဲကို (၁၅-၉-၂၀၂၅) ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ အဆိုပါသင်တန်းကို (၁၅-၉-၂၀၂၅) ရက်နေ့မှ (၂၁-၉-၂၀၂၅) ရက်နေ့ထိ တောင်ဥက္ကလာပမြို့နယ် ပဒေသာ အားကစားကွင်းတွင် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



# 33rd SEA Games စခန်းဝင်လေ့ကျင့်လျက်ရှိသည့် အားကစားသမားများစိတ်ကြည်လင် အပန်းပြေစေရေး ဆန်ကာတင်ကာရာအိုကေသီချင်းဆိုပြိုင်ပွဲ ကျင်းပ






နေပြည်တော်၊ စက်တင်ဘာ ၂၁

၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ ကျင်းပပြုလုပ်မည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် စခန်းသွင်းလေ့ကျင့်လျက်ရှိရာ အားကစားအဖွဲ့များ စိတ်အပြောင်းအလဲဖြစ်စေရန်နှင့် စိတ်ကြည်လင်အပန်းပြေစေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများ ကာရာအိုကေသီချင်းဆိုပြိုင်ပွဲ အတွက် အပြီးသတ်လူရွေးချယ်ခြင်းနှင့် ဆုပေးပွဲအခမ်းအနားကို ကျင်းပသွားမည်ဖြစ်၍ ဆန်ကာတင်ရွေးချယ်ထားသူများအား ထပ်မံအကဲဖြတ်ရွေးချယ်ခြင်း ကာရာအိုကေသီချင်းဆိုပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် နေပြည်တော်၊ အားကစား လေ့ကျင့်ရေးစခန်းရှိ ဘက်စုံသုံးခန်းမ (Multipurpose Hall)နှင့် ရန်ကုန်မြို့၊ ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမတို့၌ ကျင်းပခဲ့ရာ ဆန်ကာတင်ရွေးချယ်ခံရသည့် အားကစားနည်းအလိုက် အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများက ပျော်ပျော်ပါးပါးဖြင့် အသီးသီးသီဆိုယှဉ်ပြိုင်ခဲ့ကြသည်။

နေပြည်တော်နှင့်ရန်ကုန်မြို့တို့တွင် ကျင်းပပြုလုပ်ခဲ့သည့် စခန်းဝင် အားကစားအဖွဲ့များ၏ ကာရာအိုကေသီချင်းဆိုပြိုင်ပွဲ အခမ်းအနားသို့ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အကဲဖြတ်ဒိုင်လူကြီးများနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

---

## မန္တလေးတိုင်းဒေသကြီး ခရိုင်ပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ

၂၀၂၅ ခုနှစ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို (၁၈-၉-၂၀၂၅) ရက်နေ့က အောင်မြေမန္တလာကွင်း၌ ကျင်းပခဲ့ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တရားလွှတ်တော်တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ကျောင်းသား/ကျောင်းသူများနှင့် ဘောလုံးဝါသနာရှင်ပြည်သူများ တက်ရောက်အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။



---

## အောင်ပွဲရတင်းနစ်အသင်း ပဲခူးတွင်ကြိုဆို

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသား/အမျိုးသမီး တင်းနစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အောင်ပွဲရ ပဲခူးတိုင်းဒေသကြီးတင်းနစ်အသင်းအား (၁၈-၉-၂၀၂၅) ရက်နေ့တွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်တာဝန်ရှိသူများမှ ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။



## ရှမ်းပြည်နယ် ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

၂၀၂၅ ခုနှစ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ခရိုင်အလိုက် အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို (၉-၉-၂၀၂၅) ရက်နေ့တွင် ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။



## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် 33rd SEA Games ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ပိုက်ကျော်ခြင်းအားကစားအဖွဲ့များ၏ လေ့ကျင့်နေမှုများအား ကြည့်ရှုအားပေးခြင်းနှင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ (A/B/C)ရုံများ၏ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေး





နေပြည်တော်၊ စက်တင်ဘာ ၂၅

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်း 33rd SEA Games ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် ပိုက်ကျော်ခြင်းအားကစားအဖွဲ့များ၏ (အမျိုးသား/အမျိုးသမီး) နှစ်ယောက်တွဲ၊ သုံးယောက်တွဲ၊ လေးယောက်တွဲအသင်းလိုက် လေ့ကျင့်နေမှုများနှင့် ကွင်းသွင်းခြင်းခံ အားကစားသမားများ၏ လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ပြီးနောက် အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများအနေဖြင့် လေ့ကျင့်မှုပြုလုပ်ရာတွင် ထိခိုက်ဒဏ်ရာမရရှိအောင် ဂရုစိုက်လေ့ကျင့်ရန်လိုကြောင်း၊ မိမိတို့လေ့ကျင့်ထားသည့်အတိုင်း ပြိုင်ပွဲတွင် အကျိုးရှိရှိပြန်လည်အသုံးချ၍ ယှဉ်ပြိုင်နိုင်စေရန်အတွက် ယခုအချိန်ကတည်းက ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှအစွမ်းကုန် ကြိုးစားလေ့ကျင့်ကြရန်လိုကြောင်း မှာကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ (A/B/C)ရုံ အတွင်းဘက် မြေညီထပ်၊ ပထမထပ်နှင့် ဒုတိယထပ်များ၏ အုတ်နံရံအက်ကြောင်းများ (Minor Crack & Major Crack) နှင့် ကြမ်းခင်းအက်ကြောင်းများ ခွဲထွင်းပြုပြင်ခြင်းလုပ်ငန်း၊ နံရံကြွေပြား၊ ကြမ်းခင်းကြွေပြား ခွာထုတ်ခြင်းနှင့် မျက်နှာကြက်များ ဖြုတ်ခြင်းလုပ်ငန်း၊ ရေသန့်ပစ္စည်းများ ဖြုတ်သိမ်းခြင်းလုပ်ငန်း၊ ၉ လက်မ အုတ်ရိုးဖြိုဖျက်ခြင်း၊ Topping + Sub – Floor ထွင်းထုတ်ခြင်း၊ ပါကေးပြားများ၊ ကော်ဇောကြမ်းခင်းများ ခွာထုတ်ခြင်းလုပ်ငန်းနှင့် ရေလိုင်း၊ မီးလိုင်းသွယ်တန်းထားရှိမှုများအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများစသည့် တည်ဆောက်ရေး လုပ်ငန်းခွဲများ၏ ၂၅ ရာခိုင်နှုန်းအထိ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ရုံအပြင်ဘက် အုတ်နံရံများနှင့် ပတ်လမ်းကြမ်းခင်း ကြွေပြားပျက်စီးမှုများအား လိုက်လံကြည့်ရှု စစ်ဆေးခဲ့ပြီးနောက် Indoor အားကစားရုံများ ရေရှည်တည်တံ့စေရေး၊ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီပြီးသတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေးတို့အတွက် တာဝန်ရှိသူများက စိစစ်ကြပ်မတ်ပြီး စနစ်တကျ ပြန်လည်ပြုပြင်ဆောင်ရွက်ပေးသွားရန် မှာကြားခဲ့ကြောင်း သိရသည်။

## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန "ရုံးလုပ်ငန်း(မွမ်းမံ) အမှတ်စဉ်(၁/၂၀၂၅)" သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ



နေပြည်တော်၊ စက်တင်ဘာ ၂၆

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာ ဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် "ရုံးလုပ်ငန်း (မွမ်းမံ) အမှတ်စဉ်(၁/၂၀၂၅)" သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်၊ အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ ဘက်စုံသုံးခန်းမ(Multipurpose Hall)၌ ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသား/သင်တန်းသူများ ကိုယ်စား ၂ ဦးအား သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့ပြီးနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူး၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသည့် ဦးညဏ်ဇော်ဦး၊ ဦးကျော်စိုးမိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြ ဆရာ/ဆရာမများ၊ သင်တန်း တာဝန်ခံများနှင့် သင်တန်းသား/သင်တန်းသူများ တက်ရောက်ခဲ့ကြပြီး သင်တန်းကို နေပြည်တော်၊ အားကစားလေ့ကျင့်ရေးစခန်းရှိ ဘက်စုံသုံးခန်းမ (Multipurpose Hall) ၌ ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့မှ ၂၆ ရက်နေ့အထိ သင်တန်းနည်းပြဆရာ/ဆရာမ ၁၃ ဦးတို့က သင်တန်းသား ၁၀ ဦး၊ သင်တန်းသူ ၃၂ ဦး၊ စုစုပေါင်း ၄၂ ဦးတို့အား သင်တန်းကာလ ၂ ပတ်ကြာ ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

# အားကစားဌာနခွဲအဆင့်ဆင့် ဖွဲ့စည်းပုံနှင့် Sport Sustainable Development အားကစား ရေရှည်စဉ်ဆက်မပြတ်တိုးတက်ရေး အကြံပြုချက်များ

ရဲလွင်အောင်(YU)

ကျွန်တော်သည် အားကစားဌာနကဝန်ထမ်းတစ်ဦးဖြစ်၍ မိမိကလောင်ဖြင့် အားကစားဌာန အဆင့်ဆင့် ဖွဲ့စည်းပေါ်ပေါက်လာပုံနှင့် အားကစားကို Sustainable Development ဖြစ်စေရေးအတွက် အိမ်နီးချင်းနယ်နမိတ်ထိစပ်နေသော အာဆီယံနိုင်ငံများအနက် အားကစားအဆင့်အတန်း မြင့်မားသော နိုင်ငံတစ်ခုဖြစ်ကာ မကြာမီ မိမိတို့မြန်မာအပါအဝင် နိုင်ငံပေါင်း(၁၁)နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်မည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အိမ်ရှင်နိုင်ငံဖြစ်သော ထိုင်းနိုင်ငံ၏ National Sport Development Plan တစ်ခုကို မှီငြမ်းကာ ကောက်နုတ်ချက်ထုတ် ရေးသားတင်ပြပါမည်။

အားကစားနှင့်ကာယပညာလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်မှုရှိစေရေးအတွက် ၁၉၉၃ ခုနှစ်၊ ဇူလိုင်လ (၁)ရက်နေ့တွင် အားကစားနှင့်ကာယပညာဦးစီးဌာနကို ကျန်းမာရေးဝန်ကြီးဌာန လက်အောက်မှ ဝန်ကြီးချုပ်ရုံး လက်အောက်သို့ ပြောင်းရွှေ့ဖွဲ့စည်းခဲ့သည်။ အားကစားလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရေးဦးတည်လျက် ၁၉၉၆ ခုနှစ် ဒီဇင်ဘာလတွင် အားကစားဝန်ကြီးဌာန ဟူ၍ သီးခြားဖွဲ့စည်းပေးခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့ကို ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းအား တာဝန်ပေးအပ်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်တွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်မှ အစိုးရအသစ်ဖွဲ့စည်းရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမည်ဖြင့် အားကစားဝန်ကြီးရုံးနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ကို ကျန်းမာရေးဝန်ကြီးဌာနအောက်သို့ ထည့်သွင်းဖွဲ့စည်းခဲ့သည်။ ထိုမှတဖန် ၁-၈-၂၀၂၁ ရက်နေ့တွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနဟူ၍ ဖွဲ့စည်းပေးခဲ့သည်။ ထို့နောက် ၁-၈-၂၀၂၅ ရက်နေ့တွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့ကို ပြည်ထောင်စုဝန်ကြီးတစ်ဦးတည်းအား ထပ်မံတာဝန်ပေးအပ်ခဲ့ပါသည်။ ကျန်းမာရေးဌာနနှင့်တွဲဖက်၍ အားကစားလုပ်ငန်းကို ပူးပေါင်းလုပ်ဆောင်ရန် နိုင်ငံတော်က တာဝန်ပေးချိန် ၁၉၉၀ ပြည့်နှစ် မေလတွင် မြန်မာ့အားကစားစွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ဆွေးနွေးပွဲကို ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာနတွင် ကျင်းပခဲ့သည်ကို တွေ့ရှိရပါသည်။ အဆိုပါ ဆွေးနွေးပွဲကောက်နုတ်ချက်များကို သီးခြားဆက်လက်တင်ပြပေးသွားပါမည်။

မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်း Tourism နှင့် အားကစား Sports ကဏ္ဍနှစ်ခုကို ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းအား တာဝန်ပေးအပ်ခဲ့ခြင်းမှာ နှစ်ကြိမ်ရှိပြီဖြစ်သည်။

အားကစားတိုးတက်မှု မိမိတို့ထက်သာလွန်သော အိမ်နီးချင်းထိုင်းနိုင်ငံတွင် ယခင်က အားကစားကဏ္ဍဆောင်ရွက်ရန် ပညာရေးဝန်ကြီးဌာနအောက်တွင်ထားရှိ၍ ဆောင်ရွက်ခဲ့သည်ဟု သိရှိရပါသည်။ ၂၀၀၂ ခုနှစ်တွင်မှ အားကစားကိုဟိုတယ်ခရီးနှင့် ဆက်စပ်ဆောင်ရွက်နိုင်ရန် **Ministry of Tourism and Sports** ကို ဖွဲ့စည်းကြောင်းသိရှိရပါသည်။

ဆောင်ရွက်ရာမှာလည်း **National Sports Development Plan** ကို လေးနှစ်တာကာလ အပိုင်းအခြားခွဲ၍ ဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ်ထိုင်းနိုင်ငံ **Tourism and Sports Minister** ဖြစ်သူ Ms. KobKarn Wattanavrangkol နှင့် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ချိန် အဆိုပါအချိန်က ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန နှင့် အားကစားဆိုင်ရာများကို ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးရင်း မြန်မာနိုင်ငံကို **Asean School Sport Committee** တွင် အဖွဲ့ဝင်လျှောက်ထားရေးစည်းရုံးပြောကြားခဲ့ပြီး **6th National Sports Development Plan** စာအုပ်ကို လက်ဆောင်ပေးအပ်ခဲ့၍ ထိုအချိန်က ဝန်ကြီးရုံး၊ ဒုတိယအမြဲတမ်းအတွင်းဝန်က အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီးကို တာဝန်ပေး၍ ဘာသာပြန်ဆိုစေကာ ဖြန့်ဝေခဲ့သည်ကို အမှတ်ရမိသည်။ ဘာသာပြန်ဆိုချက်တွင် မြန်မာလိုချောမွေ့ပြေပြစ်မှုမရှိ၍ မိမိအနေနှင့် အချိန်ယူ၍ တဖန်ပြန်လည်တည်းဖြတ်ပေးခဲ့ဖူးသည်ကိုလည်း အမှတ်ရမိပါသည်။

စာရေးသူ အထက်တွင် ဖော်ပြခဲ့သလို ထိုင်းနိုင်ငံက **Sports Sector** ကို ပညာရေးဝန်ကြီးဌာန အောက်တွင် စတင်ဖွဲ့စည်းပြီး ၂၀၀၂ ခုနှစ်လောက်မှ **Tourism** နှင့် ပေါင်းစပ်ဖွဲ့စည်းဆောင်ရွက်သည်ဟု သိရှိရပါသည်။

ထိုင်းနိုင်ငံ အားကစားခရီးသွားလုပ်ငန်းများအနေနှင့် **Golf**၊ ထိုင်းရိုးရာလက်ဝှေ့၊ ရေငုပ်ခြင်းနှင့် ရေနှင့်သက်ဆိုင်သော အားကစားနည်းများ **(Aquatic)**နှင့် စက်တပ်အားကစားနည်းများကြောင့် ပြည်ပမှခရီးသွားသုံးသန်းခန့် လာရောက်ကြကြောင်း၊ ဘောလုံး၊ ဘောလီဘော၊ **Golf**၊ ကြက်တောင်၊ ပိုက်ကျော်ခြင်း၊ ဘိုးလင်း၊ **Motorbike Racing**၊ ကားပြိုင်ပွဲ (**Car Racing** )၊ စက်ဘီး၊ စနူကာ၊ တင်းနစ်၊ ဘတ်စကက်ဘော၊ **Jet Ski** အစရှိသည့် အားကစားနည်း(၁၃) မျိုးကို **Professional Sports** သတ်မှတ်ထားကြောင်းလည်း သိရှိရပါသည်။ အဓိကအားဖြင့် ဂေါက်သီး၊ **Thai Boxing**၊ **Scuba Diving**၊**Water Sports**၊ **Motor Sports** အကျိုးအမြတ် ဖြစ်ပေါ်စေသည့်အပြင် ပုဂ္ဂလိကကဏ္ဍမှ ခရီးသွားကဏ္ဍ တိုးတက်အောင် မြှင့်တင်ဆောင်ရွက်နိုင်မှုကြောင့် နိုင်ငံခြားသားဧည့်သည်ဦးရေ တစ်နှစ်လျှင် အနည်းဆုံးသုံးသန်းခန့် လာရောက်လည်ပတ်သဖြင့် **Foreign Currency** ဝင်ငွေတိုးတက်သည့်အတွက် ထိုင်းနိုင်ငံ၏ **GDP** ကို တိုးတက်စေခဲ့သည်မှာ အဆိုပါ **Sport Plan** ကို နှစ်အလိုက် ပြန်လှန်သုံးသပ်ကာ ဆောင်ရွက်နိုင်မှုက အထင်အရှားပြသနေသည်ကိုလည်း တွေ့ရှိရပါသည်။ တာဝန်ရှိသူတို့၏ သုံးသပ်ချက်များတွင်လည်း တချို့သောအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ အထူးသဖြင့် ပညာရေးဝန်ကြီးဌာနတွင် **PE** ဆရာများလုံလောက်မှု မရှိကြောင်း၊ အရည်အချင်းပြည့်ဝသော အားကစားဝန်ထမ်းများ အထူးသဖြင့် နိုင်ငံတကာအသိအမှတ်ပြု အားကစားလေ့ကျင့်ရေးစင်တာများ နည်းနေသေးကြောင်းနှင့် အားကစားထူးချွန်သူများကို ငယ်စဉ်ကတည်းက မွေးထုတ်ပေးရန် အကျိုးပြုသည့် ခိုင်မာသည့်စနစ်ဖွဲ့စည်းပုံလိုအပ်နေသေးကြောင်း **Transparency** ရှိရှိ ထင်သာမြင်သာစွာ သုံးသပ်ထားသည်မှာ လေးစားအတုယူ အားကျဖွယ်ဖြစ်ပါသည်။

ထိုင်းနိုင်ငံ၏ အားကစားလုပ်ငန်းသည် ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်အတွင်း တိုးတက်ကောင်းမွန်ကာ ၂၀၁၄ ခုနှစ်တွင် ထိုင်းဘတ်ငွေပေါင်း ၈၁ ဘီလီယံထိ နိုင်ငံဝင်ငွေတိုးတက် ကောင်းမွန်စေခဲ့သည်။ ခရီးစဉ်အတွင်း မိမိတို့ဝန်ကြီးဌာနအတွက် အမှတ်တရပေးခဲ့သော အဆိုပါ ထိုင်းနိုင်ငံ၏ ဆဋ္ဌမအကြိမ် အားကစားတိုးတက်မှုစီမံကိန်း (၂၀၁၇-၂၀၂၁)မှ တချို့သောအချက်များကို မြန်မာအားကစားတိုးတက်ရေးဆောင်ရွက်နေကြသူတို့အတွက် ကောက်နှုတ်ချက်ပြုဆက်လက်ရေးသားပါမည်။

# အားကစားမှတဆင့် လှပသောအနာဂတ်များဆီသို့

အောင်သူ

လူငယ်တိုင်း၏ ဘဝတွင် အိပ်မက်များစွာ၊ ရည်မှန်းချက်ပန်းတိုင်များစွာ ရှိကြပါသည်။ ထိုပန်းတိုင်များဆီသို့ ခရီးနှင်ရာတွင် ခွန်အား၊ စိတ်ဓာတ်၊ ဇွဲလုံ့လနှင့် ကိုယ်ရည်ကိုယ်သွေး ပြည့်ဝမှုတို့သည် မရှိမဖြစ်လိုအပ်သော လက်နက်ကိရိယာများဖြစ်သည်။ ထိုလက်နက်ကိရိယာများကို မွေးမြူသင်ကြားပေးနိုင်သော အကောင်းဆုံးနည်းလမ်းတစ်ခုမှာ “အားကစား” ပင်ဖြစ်ပါသည်။ အားကစားကွင်းများသည် အောင်မြင်မှုနှင့်ရှုံးနိမ့်မှုများကိုသင်ယူရာ စင်မြင့်ဖြစ်သလို၊ ဘဝအတွက် အရေးကြီးသော သင်ခန်းစာများကို လက်တွေ့ကျင့်သုံးရာ လေ့ကျင့်ရေးခန်းမ တစ်ခုလည်းဖြစ်ပေသည်။

အနာဂတ်၏အခြေခံအုတ်မြစ် လှပသောအနာဂတ် ဆိုသည်မှာ စိတ်ကူးယဉ်ဖြင့်သာ ဖန်တီးယူရသော အရာမဟုတ်။ ထိုအနာဂတ်ကို ထမ်းရွက်ရန် ကျန်းမာကြံ့ခိုင်သော ကိုယ်ခန္ဓာရှိရန် လိုအပ်ပါသည်။ အားကစားလုပ်ခြင်းဖြင့် ကလေးဘဝမှစတင်၍ ခန္ဓာကိုယ်ကြီးထွားမှုကို မှန်ကန်စေပြီး ရောဂါဘယများကို ခုခံကာကွယ်နိုင်စွမ်း မြင့်တက်စေသည်။ ကျန်းမာသန်စွမ်းသော ကိုယ်ခန္ဓာသည် ပညာသင်ယူရန်၊ အလုပ်လုပ်ကိုင်ရန်နှင့် မိသားစုဝင်တစ်ဦးအဖြစ် တာဝန်ယူရန်အတွက် မရှိမဖြစ် အခြေခံအဆောက်အဦဖြစ်သည်။ အားကစားသမားတစ်ဦးသည် နေ့စဉ်ပုံမှန် လေ့ကျင့်ခန်းလုပ်ခြင်း၊ အာဟာရညီမျှစွာ စားသုံးခြင်းတို့ကြောင့် ကောင်းမွန်သော ဘဝနေထိုင်မှုပုံစံ (Lifestyle)ကို ပိုင်ဆိုင်လာပြီး အနာဂတ်တွင် ကျန်းမာရေးနှင့် ပတ်သက်၍ ကြီးမားသောပြဿနာများကို ရင်ဆိုင်ရန်နည်းပါးလာမည်။

အားကစားသည် ကိုယ်ကာယ ကျန်းမာရေးအတွက်သာမက စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုအတွက်ပါ အထောက်အကူပြုသည်။ မည်သည့်အားကစားမျိုးကိုမဆို ကျွမ်းကျင်လာစေရန် လေ့ကျင့်မှုပုံမှန်ပြုလုပ်ရသည်။ ထိုသို့ပြုလုပ်ရာတွင် စည်းကမ်းရှိရှိ ဇွဲမလျှော့ဘဲ ကြိုးစားရသော အလေ့အကျင့်သည် ဘဝတွင်လည်း ပညာရေး၊ အလုပ်အကိုင်နှင့် ပုဂ္ဂိုလ်ရေးရာ ရည်မှန်းချက်များ အောင်မြင်ရန်အတွက် အလွန်အရေးကြီးသော အရည်အသွေးများဖြစ်ပါသည်။

ဘောလုံး၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်းစသော အသင်းလိုက်အားကစားများသည် မိမိတစ်ဦးတည်း၏ ကျွမ်းကျင်မှုထက် အသင်းသားများနှင့် ညှိနှိုင်းလုပ်ကိုင်တတ်မှု၊ အခြားသူများ၏ အားသာချက်ကို အသိအမှတ်ပြုပြီး ပူးပေါင်းဆောင်ရွက်တတ်မှုကို သင်ကြားပေးသည်။ ဤသည်မှာ ယနေ့ခေတ် လုပ်ငန်းခွင်တိုင်း၏ အခြေခံလိုအပ်ချက်တစ်ရပ် ဖြစ်နေပြီဖြစ်သည်။

အားကစားပွဲတိုင်းတွင် အနိုင်နှင့်အရှုံးဟူ၍ရှိသည်။ ရှုံးနိမ့်မှုတစ်ခုသည် နောက်ဆုံးမဟုတ်ကြောင်း၊ ထိုရှုံးနိမ့်မှုမှ သင်ခန်းစာယူကာ ပိုမိုကြိုးစားပြင်ဆင်ရန်လိုကြောင်းကို အားကစားက သင်ကြားပေးသည်။ ဤသို့သော စိတ်ဓာတ်သည် ဘဝ၏အခက်အခဲဆိုးများကို ရင်ဆိုင်ကျော်လွှားနိုင်စွမ်းအား မြှင့်တင်ပေးပြီး စိတ်ကျန်းမာရေးကိုပါ ကောင်းမွန်စေသည်။

တင်းနစ်ကစားခြင်း၊ မြားပစ်ခြင်း၊ စစ်တုရင်ကစားခြင်းစသည့် အားကစားနည်းများသည် အာရုံစူးစိုက်မှုကို အလွန်တိုးတက်စေသည်။ လျှပ်တစ်ပြက်အခြေအနေများတွင် မှန်ကန်သော ဆုံးဖြတ်ချက်ကို မြန်မြန်ဆန်ဆန် ချမှတ်နိုင်စွမ်းသည် ပညာရေး၊ စီးပွားရေးနယ်ပယ်များတွင်ပါ အထောက်အကူပြုသော အရည်အသွေးတစ်ရပ်ဖြစ်သည်။

အားကစားတွင် ထူးချွန်ထက်မြက်သော လူငယ်များအတွက် ကြီးမားသော အခွင့်အလမ်းများ ရှိပါသည်။ နိုင်ငံတကာအားကစားပွဲများတွင် ကိုယ်စားပြုယှဉ်ပြိုင်ခွင့်ရခြင်း၊ ထင်ရှားသောကလပ်များမှ ကြိုဆိုခေါ်ယူခြင်းခံရခြင်း စသည်ဖြင့် ကမ္ဘာကြီးကို ခြေဆန့်ခွင့်ရှိသည်။ ထို့အပြင် အားကစားဆိုင်ရာ ပညာရေးဆိုင်ရာ ဆုတံဆိပ်များ (Scholarships) မှတစ်ဆင့် နိုင်ငံခြားရှိ ထိပ်တန်းတက္ကသိုလ်များတွင် ပညာသင်ယူခွင့်ရရှိနိုင်သည်။ အားကစားသမားဘဝအပြီးတွင်လည်း နည်းပြ၊ သင်တန်းဆရာ၊ အားကစားဆိုင်ရာ စီမံခန့်ခွဲသူ၊ ကျန်းမာရေးနှင့် ဖျော်ဖြေရေးလုပ်ငန်းများစွာတွင် အလုပ်အကိုင်အခွင့်အလမ်းများစသည်ဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို အဆင်ပြေချောမွေ့ အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

အားကစားသည် လူငယ်များအား မကောင်းသော အပြုအမူများ၊ မူးယစ်ဆေးဝါးအန္တရာယ်များမှဝေးရာသို့ ဦးတည်စေသည်။ အားကစားလုပ်ခြင်းဖြင့် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်လာပြီး စိတ်ဖိစီးမှုများကို ကောင်းစွာထိန်းချုပ်နိုင်လာသည်။ အားကစားကွင်းများသည် လူမျိုးဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေးအားလုံးနှင့် ရင်းနှီးခင်မင်ရာ နေရာဖြစ်ကာ လူမှုဆက်ဆံရေး ကွန်ရက်များ (Networking) တည်ဆောက်ရန်အတွက်လည်း အကောင်းဆုံးနေရာ တစ်ခုဖြစ်သည်။

လူငယ်များအား အားကစားလုပ်ရန် အားပေးမှုသည် မိဘများ၊ ဆရာများနှင့် ပတ်ဝန်းကျင်အသိုင်းအဝိုင်း၏ တာဝန်ဖြစ်သည်။ ကျောင်းများတွင် အားကစားပြိုင်ပွဲများ ပုံမှန်ကျင်းပပေးခြင်း၊ အားကစားပစ္စည်းကိရိယာများ ထောက်ပံ့ပေးခြင်း၊ အားကစားအတွက် အချိန်ပေးနိုင်ရန် စီစဉ်ပေးခြင်းတို့ဖြင့် လူငယ်များ၏ စွမ်းရည်များ ပေါ်ထွန်းလာစေရန် များစွာအထောက်အကူပြုနိုင်ပါသည်။

ထို့အပြင် အားကစားသည် ရွှေတံဆိပ် ဆုတံဆိပ်များအတွက်သာမက၊ ပိုမိုကျယ်ပြန့်သော ဘဝအတွက် သင်ကြားပေးသည့် သင်တန်းကျောင်းကြီးတစ်ခုနှင့်တူသည်။ ၎င်းသည် လူငယ်တစ်ဦးအား ကိုယ်ကာယကြံ့ခိုင်မှုမှသည် စိတ်ဓာတ်ခွန်အား၊ လူမှုရေးစွမ်းရည်များအထိ စုံလင်စွာဖွံ့ဖြိုးတိုးတက်စေပြီး ပညာရေးနှင့် အလုပ်အကိုင်ဆိုင်ရာ တံခါးပေါက်များစွာကို ဖွင့်လှစ်ပေးနိုင်သည်။ လူငယ်တစ်ဦးချင်းစီအား အားကစားနှင့် နီးစပ်ခွင့်ပေးခြင်းသည် သူတို့၏ ကိုယ်ပိုင်စွမ်းရည်ကို ရှာဖွေတွေ့ရှိခွင့်ပေးခြင်းဖြစ်ပြီး၊ လူ့အသိုင်းအဝိုင်းအတွက် ကျန်းမာကြံ့ခိုင်ပြီး စိတ်ဓာတ်မြင့်မားသော ခေါင်းဆောင်ကောင်းများ မွေးထုတ်ပေးရာလည်းရောက်သည်။ သို့ဖြစ်ရာ ကျွန်ုပ်တို့၏ ကလေးငယ်များ၊ လူငယ်များ၏လက်ကိုကိုင်ကာ အားကစားကွင်းသို့ ခေါ်ဆောင်သွားကြရန် အချိန်တန်ပြီဖြစ်ပါသည်။

အားကစားကွင်းမှ သင်ယူရသောသင်ခန်းစာတိုင်းသည် သူတို့အား ပိုမိုလှပပြီး အောင်မြင်သော အနာဂတ်ဆီသို့ ခြေလှမ်းတစ်ခုစီ နီးကပ် စေမည်ဖြစ်၍ အားကစားမှတဆင့် လှပသောအနာဂတ်များဆီသို့ဟူသည့်အတိုင်း အားကစားလောကမှတဆင့် ဘဝအတွက် သင်ယူလေ့လာမှုများပြုလုပ်ပြီး လှပသောအနာဂတ်များကို တည်ဆောက်နိုင်သော လူငယ်များပေါ်ထွက်လာမှုမှသည် အမိမြန်မာနိုင်ငံ၏ အနာဂတ်ကို အလှပဆုံး ပုံဖော်ထုဆစ်နိုင်ကြပါစေကြောင်း.........

ထူးချွန်ပျိုမြစ် မျိုးဆက်သစ် ပေါ်ထွက်ဖို့ရည် ကမ္ဘာ့အဆင့်မီ